
စုံထောက်ဆန်းကြယ်ဝဏ္ဏ၊
ညိုး
စုံထောက်စိန်ဘန်းနှင့်
တြိမရဏစံအိမ်
ပန်းချီ သိန်းရွှေကြည်
2014

# သင်္ချိုင်းရောက်ဧည့်သည်

ဂျိမ်းခနဲ မိုးချုန်းသံကြီးကြောင့် သုဘရာဇာကြီးစံဖူး လန့်နိုးသွား၏။

မြေကမ္ဘလာ မြေမွေ့ယာပေါ်တွင် ကွေးနေရာမှ လူးလဲထကာ တဲအပြင် ကောင်းကင်သို့ မော့ကြည့်မိ၏။

မိုးကောင်းကင်ကြီး တစ်ခွင်လုံး အုံ့မှိုင်းနေ၏။

လျှပ်ပန်းလျှပ်နွယ်တို့ လည်း တဖျတ်ဖျတ်လက်၏။

မိုးချုန်းသံကြီးတွေက ကြောက်ခမန်းလိလိ မြည်ဟိန်းပြန်သည် ။

အချိန်က မိုးကြီးစုန်းစုန်းချုပ်လုလုအချိန်။

ကာလကလည်း နွေခေါင်ခေါင်လ။

မိုးက ရာသီချိန်မဟုတ်ပါဘဲ ရွာဦးတော့မည်။

နွေခေါင်ခေါင်မိုးကြီးပေ့ါ ...။

စင်စစ် မိုးရွာခြင်း၊ မရွာခြင်းက သုဘရာဇာကြီးစံဖူး၏ အလုပ်တော့ မဟုတ်။ စံဖူးက သုဘရာဇာ၊ ဆိုရပါလျှင် စံဖူးသည် သင်္ချိုင်း၏ ဘုရင် တစ်ပါးသာဖြစ်လေ၏။

စံဖူး၏ အလုပ်မှာ လူသေအလောင်း မသာချလာလျှင် ကျင်းတူးမည်။ ကျကျနန မြှုပ်ပေးမည်။

ကြီးကြီးကျယ်ကျယ် လူများက မီးသင်္ဂြိုဟ်ချင်သည် ဆိုပါက မီးရှို့ပေး၏။ အရိုးကောက်ပေး၏။ အိုးသို့သွတ်သွင်းကာ ဂူလုပ်ပေး၏။

အချို့ကမူ အကောင်လိုက်သွင်း၏။ ရေမျှောချင်သည် ဆိုပါလည်း ပြာဖြစ်အောင် မီးချကာ အိုးနှင့် ထည့်ပေးရသည် ။

လူတို့ သေလျှင် မြေမြှုပ်ခြင်း၊ မီးရှို့ခြင်း၊ ရေမျှောခြင်း သုံးမျိုးကိုသာ လုပ်၏။

ထိုအလုပ် သုံးမျိုးလုံးကို သုဘရာဇာကြီးစံဖူး ကျွမ်းကျင်၏။

သို့ကြောင့် သာ စံဖူး သုဘရာဇာဘွဲ့ခံလေသည် ။

သုဘရာဇာကြီးစံဖူး ကောင်းကင်သို့ မော့ကြည့်ရင်း စိတ်ပျက်မိပြန်သည် ။ မိုးက အချိန်အခါမဟုတ် ရွာဦးတော့မည်။ မိုးရွာလျှင် အိပ်လို့ကောင်းမည်။ ခက်သည် က အိပ်ပျော်ဖို့ အတွက် အရက်လို၏။

ဟုတ်သည် ။

အရက်က အမှန်ပင် လိုနေသည် ။

လွန်ခဲ့သော ရက်သတ္တပတ်က ဝယ်ထားသည့် အရက်ဆယ်လုံးမှာ ယခုတစ်အာတာ (တစ်ပိုင်း)သာ ရှိတော့၏။

မသာလေး ဘာလေးအချလာလျှင်တော့ အရက်ရနိုင်၏။ သို့သော် သည် လိုအချိန်မျိုးမှာ လည်း ဘယ်မသာမှ ချလာမည် မဟုတ်တော့။

ပြီးတော့ သုဘရာဇာကြီးစံဖူး၏ ပိုင်နက်အနီးအနားမှာ လည်း မသာရှိသည် ဟု သတင်းမကြား ...။

သုဘရာဇာကြီးစံဖူး၏ ပိုင်နက်နယ်မြေဟု ဆိုအပ်သော ရန်ကုန်-မန္တလေး ကားလမ်းနံဘေးရှိ "ဝါးနက်ကုန်း၊ ဘန့်ဘွေးကုန်း၊ ထန်းပင်စု၊ ကျွဲ

ခလောက်ရွာ၊ စမ်းရေတွင်း။"

ရှာငါးရွာမှာ လူသေမသာ မရှိ။

မိုးသာရွာလာပါက အရက်ကို အဝသောက်။

နေ့လယ်က ချက်ထားသည့် မြေအိုးပဲထမင်းကို ဆားဖြူး၊ ငရုတ်သီးခြောက်နှင့် ဗိုက်ကားအောင်ဝါးကာ သူ၏ သစ်ခက်တဲနန်းတွင် အိပ်နေရုံသာ ...။

ခုတော့ အရက်က တစ်အာတာမို့ မစို့မပို့ ရှိလှ၏။

ကွဲခလောက်ရွာဘက်မှာ တော့ အရက်ဖိုနှစ်ဖို ရှိ၏။

မုဆိုးမ မမြင့်အေးနှင့် အဘွားကြီးမအေးမြင့်တို့ အရက်ဖိုများ ဖြစ်သည် ။

မုဆိုးမ မမြင့်အေးက လိုင်စင်ဖို ဖြစ်၏။ အချိန်မရွေး အရက်ရ၏။ ခက်သည် က သူကို အရက်မရောင်း။ အရက်ရောင်းသည် ကို စိန်ရောင်းသလို မျက်နှာထားနှင့် ရှိ၏။

"ဟဲ့ ... သုဘရာဇာကို အရက်မရောင်းနဲ့ ။ မင်္ဂလာမရှိဘူး။ သူ့ပိုက်ဆံက ကျက်သရေယုတ်တယ်"

ဟု မောင်းထုတ်ခဲ့ဖူးလေ၏။

အဘွားကြီး မအေးမြင့်ကတော့ အရက်ပုန်းဖို ဖြစ်၏။ ပုလိပ်ကို ပိုက်ဆံပေးကာ တိုးတိုးတိတ်တိတ် ရောင်းရ၏။ အဘွားကြီးဆိုင်ကတော့ သူ့ကို ကြည်ကြည်ဖြူဖြူ ရောင်း၏။

သို့သော် အဘွားကြီးဆိုင်မှာ အရက်ကပုံမှန်မရ။

ပုလိပ်က မချက်နဲ့ ဆိုရင် အရက်မချက်၊ မရောင်း။

သည် ကြားထဲ သူ့သားကျော်ဘဲက အရက်သမား။ တစ်နေကုန်ထိုင်သောက်၊ မူးလျှင် အရက်တွေသွန်၊ စိမ်ရည်အိုးတွေရိုက်ခွဲ လုပ်တတ်သလို အရင်းက အမြဲလိုလို ပြုတ်တတ်၏။ သွားဝယ်တိုင်း အရက်က ရချင်မှ ရ၏။

သည် တော့ ...။

သုဘရာဇာကြီးစံဖူး အရက်ကိစ္စ စိတ်လျှော့လိုက်ရ၏။

အော် ... သုဘရာဇာဆိုသော သူ့ဘဝ ပိုက်ဆံရှိတိုင်းလည်း ဝယ်၍ ခြမ်း၍ မရ။ သုဘရာဇာမှန်းသိလျှင် မရောင်းချင်ကြ။

ပိုက်ဆံမရှိ၍ ပိုက်ဆံရှာဖို့ အလုပ်အကိုင်ခိုင်းသူက ရှား၏။

ယုတ်စွအဆုံး ကွဲကျောင်း၊ မြက်ရိတ်ပင် မခိုင်းချင်။

သုဘရာဇာသည် မင်္ဂလာမရှိသူ။ ကျက်သရေမရှိသူဟု လူတွေက သတ်မှတ်ထားကြ၏။

အချို့ဆိုလျှင် သူ့ကိုမြင်သည် နှင့် ပင် ပျို့အန်ချင်သလို ခံစားသွားရသူတွေရှိ၏။

အချို့က သူနှင့် မတော်တဆ မျက်နှာချင်းဆိုင်မိပါလျှင် ခေါင်းလျှော်၊ ရေချိုးပစ်သူတွေရှိ၏။

အချို့ကမူ မြင်သည် နှင့် ပင် ချက်ချင်း မျက်နှာလွှဲကာ ဖွီခနဲ တံတွေးထွေးကြသူတွေ ...။

အော် ... လူရှင်တွေ ... လူရှင်တွေ ... အတော်ပင် ကြောက်စရာကောင်းလှပါလား။ လူကိုလူချင်းပင် "လူ"ဟု အသိအမှတ်ပြုသော မေတ္တာလေး မထားနိုင်ကြပါလား။

လူကိုလူချင်း နိုင်ထက်စီးနင်းတွေကြောင့် သုဘရာဇာဖြစ်လာရသော စံဖူး။ လူရှင်တွေအကြောင်း ကောင်းကောင်း သိထား၏။

လူတွေကို ရန်သူဟု မမြင်သော်လည်း မိတ်ဆွေဖြစ်ဖို့ မလွယ်ကြောင်းသိ၏။

လူတွေကို သူကြောက်၏။

သို့ကြောင့် လည်း လူ့လောကကြီးနှင့် ကင်းကင်းရှင်းရှင်းနေ၏။ လူရှင်တွေကို ရှောင်၏။ လူသေကသာ သူ့အတွက်အဖော်။

လူရှင်တွေနှင့် ဘာသိဘာသာနေလာရင်း လူသေတို့ ၏ လဲလျောင်းခိုအောင်းရာ သင်္ချိုင်းသည် သာ ပျော်မွေ့စံရာ ဖြစ်လာခဲ့၏။

ပြောရလျှင် သက်မဲ့လူသေသည် သာ ခင်မင်စရာကောင်း၏။ မိတ်ဆွေရင်းချာ ဖြစ်၏။

စံဖူးကို သူတို့ ခင်၏။ စံဖူးထားရာနေသည် ။ စေရာသို့ သွားသည် ။ စံဖူးကို ဘာတစ်ခွန်းမျှမဟ၊ လုံးဝ အပြစ်မတင်၊ အလွန်ပင် ချစ်စရာကောင်းသော လူသေတွေ ...။

လူသေဆို၍ သုဘရာဇာကြီးစံဖူး၏ သင်္ချိုင်းမှာ များများ စားစားတော့ ရှိလှသည် မဟုတ်။

သင်္ချိုင်း၏ အနောက်ဘက် ကုက္ကိုပင်အိုများကြားတွင် ဘုရားဒကာ၊ ကျောင်းဒကာ၊ လယ်ပိုင်ရှင်ကြီး ဖိုးသံမှတ်နှင့် သူ့မယား မမယ်ထွားဂူရှိ၏။

ထိုဂူနံဘေး ဆီးဖြူပင်အောက်တွင် ငွေဓားနှင့် ငွေစလွယ်ဆုရ လေးရွာအုပ်သူကြီးမင်း ဖိုးစိန်ရ၏ ဂူရှိ၏။

သရက်ပင် နှစ်ပင်ကြားတွင် ရဟန်းအစ်မ အပျိုကြီး မနှင်းဆီ၏ ဂူ။

အလယ်ဝါးဖြူရုံတောတွင် မမြနှစ်၏ ဂူရှိသလို ကုန်စုံဆိုင်ပိုင်ရှင်တရုတ် အဖောင်၏ ဂူရှိ၏။

ဂူဟူ၍ ဒါပဲရှိ၏။

ကျန်သူတွေကတော့ သစ်ပင်ယယ်ခြုံပုတ်တွေကြားမှာ မှတ်တိုင်ယိုင်နဲ့ နဲ့ လေးများ ဖြင့် ဘိန်းစားကြက်ချေး၊ ကျောက်ရှူးကျော်မင်းသူ၊ အနှိပ်သည် ဖိုးမျိုးခင်၊ ထန်းသမား ငတိုး၊ လယ်ကူလီရွှေအေး၊ မုန့်သည် မခင်၊ ငါးနှစ်သား မောင်သက်ရှည်၊ မြေတူးကုလား ရန်ကနား၊ ဆရာဘအေး … ပြီးတော့ ရေကြီးစဉ်က စုပေါင်းမြှုပ်ခဲ့ရသော သုံးလောင်းမြေကျင်း …။

ဒါပဲရှိ၏။ ဒါက စံဖူး၏ မိတ်ဆွေ လူသေများ သာ ဖြစ်၏။

သုဘရာဇာကြီးစံဖူး တွေးနေခိုက်မှာ ပင် မိုးကပို၍ မှောင်လာ၏။ မိုးချိန်းသံကြီးလည်း မြည်လာပြန်သည် ။

လျှပ်စီးတို့ ပြိုးပြက်ဝင်းလက်သွား၏။

မိုးနံ့ပါသည့် လေကဝှေ့ဝှေ့ရမ်းရမ်း ကြမ်းကြမ်းတိုက်လိုက်၏။

သင်္ချိုင်းမြေမှ သစ်ပင်တို့ လှုပ်လှုပ်ယိမ်းယိမ်း ဖြစ်သွား၏။

သစ်ရွက်ခြောက်များ တသောသော ကြွေကျကုန်သည် ။

သုဘရာဇာစံဖူးသည် တစ်အာတာမျှသာ ကျန်တော့သည့် ငှက်ပျောဖူးပုလင်းကို လှမ်းဆွဲကာ ဖော့ဆို့ကို ပါးစပ်ဖြင့် ကိုက်ထွေးပစ်လိုက်ပြီး တစ်ကျိုက်မော့ချလိုက်၏။

မီးတောက်ချက် အရက်ကလည်ချောင်းမှာ ပူဆင်းသွား၏။

တံတွေး ပျစ်ခနဲ ထွေးလိုက်ရင်း မျက်စိအကြည့်က သင်္ချိုင်းဝ ...။

"ဟာ ..."

နှုတ်မှ ဟာခနဲ ရေရွတ်လိုက်မိ၏။

ကြက်သီးဖျန်းဖျန်းလည်း ထသွားမိသည် ။

ကြည့်စမ်း ... နေဝင်မိုးချုပ်အချိန်။ မိုးမှောင်ကြီး ကျလုလုကာလ။ သင်္ချိုင်းဝမှာ မိန်းမတစ်ယောက် ...။

အနက်ရောင်ဝတ်စုံဝတ်၍ ဆံပင်ဖားလျားချကာ ရပ်လျက်သား ရှိနေ၏။

သရဲမလား ...၊ တစ္ဆေမလား ...။

သင်္ချိုင်းစောင့် သုဘရာဇာကြီးစံဖူး သူရဲမကြောက်တတ်ပါ။

သို့တစေ အံ့အားသင့်လွန်း၍ ကြက်သီးမွေးညင်း ထမိ၏။

သည် မိန်းမဘာလဲ။ ဘယ်သူလဲ။ ဘာလာလုပ်တာလဲ။

သင်္ချိုင်းသို့ လာလည်သော ဧည့်သည် တော့ မဟုတ်နိုင်။

သုဘရာဇာကြီးစံဖူး၊ သည် မိန်းမကို စူးစူးစိုက်စိုက် ကြည့်နေမိ၏။

"ဒီမှာ ရှင် ... သုဘရာဇာဦးလေးကြီး"

မိန်းမထံမှ အသံသြရှရှက ထွက်ပေါ်လာ၏။

သုဘရာဇာကြီးစံဖူး မတ်တတ်ရပ်လိုက်သည် ။

စံဖူး လူသေကို မကြောက်။ သရဲ၊ တစ္ဆေကိုမကြောက်။ သင်္ချိုင်းမှာ နေသောသူ။ သရဲ၊ တစ္ဆေကို မမြင်ဖူးခဲ့ ...။

ခုဟာက လူ့စကားပြော၏။ လူရှင်ဖြစ်သည် ။ လူရှင်ဆိုလျှင် ကြော

က်ဖို့ ကောင်း၏။

"ဒီမှာ သုဘရာဇာဦးလေးကြီးရဲ့ ခဏလောက် ကြွခဲ့ပါ"

လူရှင်မိန်းမ အနက်ရောင်ထံမှ စကားသံက ထပ်ပေါ်လာ၏။

"ဘယ်သူလဲ၊ ဘာကိစ္စလဲ"

သုဘရာဇာကြီးစံဖူး လှမ်း၍ မေးရင်း ပေါက်ပြားကို ဆွဲကိုင်လိုက်မိသည် ။

သည် တော့ ထိုမိန်းမက လက်တစ်ဖက်မြှောက်ပြရင်း ...

"ဒီနားကို လာပါရှင် ... အေးအေးဆေးဆေး ပြောပါရစေ"

ဟု ဆိုလေ၏။

"ဘာ ... ကိစ္စမို့လဲ။ ဒီကို ဝင်ခဲ့လေ"

သုဘရာဇာကြီးစံဖူးက ခပ်ဆတ်ဆတ်လေး အော်လိုက်သည် ။

"အို ... သုဘရာဇာဦးလေးကြီးကလည်း သင်္ချိုင်းထဲကို သူများ မဝင်ရဲပါဘူး။ ကြောက်စရာကြီး ... ခဏလောက်သာ ဒီကိုကြွပါ"

အနက်ရောင် မိန်းမက အော်၍ ပြော၏။

"အလို ... သင်္ချိုင်းကိုလည်း လာသေး သင်္ချိုင်းထဲ မဝင်ရဲဘဲ ကြောက်သတဲ့ ။ လူရှင်တွေများ တယ်မာယာကြွယ်သကိုး"

ဟု သုဘရာဇာကြီးစံဖူးက ရေရွတ်လိုက်ရင်း ပေါက်ပြားအား တင်းတင်းဆုပ်ကိုင်ကာ သင်္ချိုင်းဝသို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းခဲ့လေသည် ။

ထိုခဏမှာ ပင် လျှပ်စီးက တဝင်းဝင်းပြက်ပြက် လက်လိုက်ရာ ...

ထိုမိန်းမ၏ ရုပ်သွင်ကို ထင်ထင်ရှားရှား မြင်လိုက်ရ၏။

ဆံပင်ဖားလျား၊ အင်္ကျီအနက်၊ ထဘီအနက်နှင့် မိန်းမမှာ မိန်းမကြီး တစ်ယောက်မဟုတ်။ ပျိုရွယ်နုနယ်သော မိန်းမငယ်လေးဖြစ်ပြီး၊ အသားအရေစိုဝင်းကာ ချောမောလှပပေ၏။

သုဘရာဇာကြီးစံဖူး မိန်းမငယ်အနီးသို့ ရောက်သွား၏။

သူ့လက်တွင် ကြိမ်ခြင်းကလေးနှင့် မြေအိုးတစ်လုံးရှိလေသည် ။

"မိုးကလည်း ရွာတော့မယ်။ ကြောက်လိုက်တာ သုဘရာဇာဦးလေးကြီးရယ်။ မဖြစ်လို့ သာ လာရတာ"

ညည်းညူသံလေးနှင့် ဆို၏။

"ကိစ္စက ..."

သုဘရာဇာကြီးစံဖူး ခပ်ပြတ်ပြတ်ပင် မေးမိ၏။

လူရှင်တွေနှင့် သိပ်စကားမပြောလိုသည့် သဘော။

အနက်ရောင် မိန်းမငယ်က နဖူးပေါ်မှ ဆံစအချို့ကို သပ်တင်လိုက်ရင်း ...

"ဒီလိုပါ၊ သုဘရာဇာဦးလေးကြီးရယ်။ ဒီသင်္ချိုင်းမြေမှာ ရှိနေတဲ့ မေမေဝေရဲ့ အရိုးကို ဟောဒီအိုးကလေးထဲ ထည့်ပြီး ယူသွားချင်လို့ ပါ"

ဟု ပြောကာ မြေအိုးထည့်ထားသော ခြင်းကလေးကို လှမ်းပေးလေ၏။

သည် တော့မှ သုဘရာဇာကြီးစံဖူး သက်ပြင်းတစ်ချက်ချလိုက်ကာ ...

"ဩ ... ဒီလိုကိုး။ အလုပ်ကိစ္စပေပဲ။ သင်္ချိုင်းအလုပ်ဆိုတော့ သုဘရာဇာရဲ့ အလုပ်ပေါ့။ နို့နေပါဦး ... မေမေဝေ ဟုတ်လား။ မေမေဝေဆိုတာ

ဒီမှာ ရှိရဲ့ လား သူငယ်မ … ရယ်"

ဟု သုဘရာဇာကြီးစံဖူးက မြေအိုးခြင်းကို လှမ်းမယူသေးဘဲ မေး၏။

ပြီးနောက် သူ့အတွေးစဉ်မှာ သူ့သင်္ချိုင်းမြေရှိ လူသေတို့ ၏ အမည်များကို အစဉ်လိုက် ရေရွတ်ကြည့်နေပြန်သည် ။

ဖိုးသံမှတ်၊ မမယ်ထွား၊ ဖိုးစိန်ရ၊ မနှင်းဆီ၊ မမြနှစ်၊ အဖောင်၊ ကြက်ချေး၊ ကျော်မင်းသူ၊ ဖိုးမျိုးခင်၊ ငတိုး၊ ရွှေအေး၊ မခင်၊ မောင်သက်ရှည်၊ ရန်ကနား၊ ဘအေး …။

သူရွတ်ကြည့်သမျှ လူသေတွေထဲမှာ "မေမေဝေ"ဟူသော အမည် … မပါ … မရှိ …။

"ဒီမြေမှာ ‘မေမေဝေ’ဆိုတာ မရှိပါလားကွဲ့"

သုဘရာဇာကြီးစံဖူး၏ စကားကြောင့် မိန်းမငယ်မှာ စိတ်ရှုပ်သွားဟန်ဖြင့် တွေတွေလေး ရှိနေပြီးမှ …

"ဒါ … ဝါးနက်ကုန်း သုသာန်ဟုတ်ပါတယ်နော်"

ဟု မေးလေ၏။

"ဟုတ်ပါတယ် သူငယ်မ … ဟုတ်ပါတယ်"

သုဘရာဇာကြီးစံဖူး ဖြေ၏။

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်က ပဲခူးနယ်မှာ ရေအကြီးအကျယ် ကြီးခဲ့တယ်။ လှေမှောက် ရေနစ်ပြီး၊ လူအချို့ သေခဲ့ရတယ်။ ရေကျသွားတဲ့ အခါ ရေနဲ့ မျောပါလာတဲ့ အလောင်းတွေ ရွာတွေနားမှာ ကားလမ်းဘေးမှာ လယ်ကွက်ထဲမှာ တင်ကျန်ရစ်ကြတယ်။ လူနာမည်၊ လူရုပ်တွေကိုတော့ ဘယ်သူကမှ မမှတ်မိတော့လို့ ပိုင်ရှင်ရှာဖို့ ခက်နေ

တယ်။ ရွာနားမှာ တွေ့တဲ့ အလောင်း ရွာသားတွေကပဲ စုပေါင်းသင်္ဂြိုဟ် လိုက်ရတာပေါ့။ ဒီရွာနားမှာ လည်း လူသေအလောင်း သုံးလောင်းတင် တယ်။ ယောကျ်ားနှစ်ယောက်၊ မိန်းမတစ်ယောက်။ မိန်းမဟာ ပဒုမ္မာအင်္ကျီအနီရောင်လေးနဲ့ တဲ့ ။ အဲဒါ ... မေ ... မေ ဝေ..."

အနက်ရောင် မိန်းမငယ်က ပြောရင်းဖြင့် တရှုံ့ရှုံ့ငိုလေတော့၏။

သည် တော့မှ သုဘရာဇာကြီးစံဖူး၏ စိတ်ထဲတွင် သုံးလောင်းပြိုင် မြေကျင်းကို သတိရလာ၏။ ရေကြီးစဉ်က အလောင်းများ ဖြစ်၏။

ထိုကျင်းထဲတွင် အလောင်းသုံးလောင်း ရှိ၏။

ယောကျ်ားနှစ်လောင်း၊ မိန်းမတစ်လောင်း ...။

မိန်းမမှာ အနီရောင်ပဒုမ္မာအင်္ကျီပါ၏။ စုတ်ပြဲနေပြီ။

သုဘရာဇာကြီးက ယောကျ်ားနှစ်လောင်းကို ဘေးတွင် ရံကာ မိန်းမ ကို အလယ်တွင် ထား၍ သင်္ဂြိုဟ်ပေးခဲ့ကြောင်း အမှတ်ရလာခဲ့သည် ။

ဟုတ်သည် ။ ဒါပဲဖြစ်မည်။

"မှတ်မိပြီလား၊ သုဘရာဇာဦးလေးကြီးရယ်"

ငိုရှိုက်သံဖြင့် မိန်းမငယ်က မေး၏။

"အင်း ... ဟုတ်ပြီ၊ ဟုတ်ပြီ ... သိပြီ"

သုဘရာဇာကြီးစံဖူးက ပြော လိုက်လေလျှင် မိန်းမငယ်လေးမှာ မျက်ရည်စတို့ ကို သုတ်ပစ်ပြီး ...။

"ဒါဆိုရင် သုဘရာဇာဦးလေးကြီးရယ်။ သူ့ကိုဖော်ပြီး ဟောဒီအိုး လေးထဲကို ထည့်ပေးပါ။ ကျွန်မ ... ယူသွားပါရစေ"

"အင်း ... ရတာပေါ့ကွယ်။ ရတာပေါ့။ ဒါပေမဲ့ ညကြီးမိုးချုပ်ဆိုတော့

..."

မိုးကို မော့ကြည့်ကာ သုဘရာဇာကြီးစံဖူးက ခပ်ဆိုင်းဆိုင်းဆို၏။ မိန်းမငယ်က သွက်လက်စွာပင် သူ့စလင်းဘက်အိတ်အတွင်းမှ ဒုတ်မီးတစ်ချောင်းထုတ်ပေးကာ ...

"လုပ်ပါ၊ သုဘရာဇာဦးလေးကြီးရယ်။ ဒီအတွက်လေ သုဘရာဇာကြီး ကြိုက်တဲ့ ဘရန်ဒီ အရက်နှစ်လုံးနဲ့ ဘဲကင်လည်း ပါ,ပါတယ်။ ပြီးတော့ ငွေတစ်ရာပေးမယ်နော်"

ဟု ဆိုလေရာ သုဘရာဇာကြီးစံဖူးမှာ အရက်ပါသည် ဆိုသဖြင့် လေချဉ်တစ်ချက် တက်သွားပြီး

"ဒါဆို ... ရသပေ့ါကွယ်"

ဟု တက်တက်ကြွကြွဆိုကာ မြေအိုးခြင်းနှင့် ဒုတ်မီးကို လှမ်းယူလိုက်သည် တွင် မိန်းမငယ်က ..

"သုဘရာဇာဦးလေးကြီး သေသေချာချာ လုပ်ပါနော်။ ကျွန်မ ဟိုကားလမ်းပေါ်က ကားထဲမှာ စောင့်နေပေ့ါမယ်"ဟု ပြောပြောဆိုဆို ဖျတ်ဖျတ်လတ်လတ်ပင် လှည့်ထွက်သွားတော့၏။

သုဘရာဇာကြီးစံဖူးလည်း သင်္ချိုင်းတွင်းသို့ ခြေလှမ်းကျဲကြီးဖြင့် ဝင်ရောက်သွားကာ သုံးလောင်းပြိုင် မြေကျင်းဆီသို့ ရောက် လာလေ၏။

သုံးလောင်းပြိုင် မြေကျင်းမြေပုံမှာ မြက်ရိုင်းပင်တွေဖြင့် တောထနေသလို ကျီးအာနွယ်တွေ တွယ်တက်၍ ချုံဖြစ်နေလေပြီ။

သုဘရာဇာကြီးစံဖူးသည် တုံ့ဆိုင်း၍ မနေတော့ဘဲ မြက်ရိုင်းနှင့် ကျီးအာပင်တွေကို ပေါက်ထွင်း ရှင်းလင်းပစ် လိုက်သည် ။

ပြီးနောက် မြေပုံ၏ အလယ်တည့်တည့်နေရာ မြေကြီးကို စတင်တူး နေခိုက် မိုးကအုန်းအုန်း မြည်ရွာချလေ၏။ မိုးရေစက်တို့ ဖြင့် သုဘရာဇာကြီး တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားလေ၏။

ဒုတ်မီး (လက်နှိပ်ဓာတ်မီး)ကို အသေဖွင့် ပါးစပ်တွင် ကိုက်ကာ သုဘရာဇာကြီးစံဖူးက မြေကိုပေါက်၍ ပေါက်၍ တူးနေ၏။

အကယ်၍ များ ဤသင်္ချိုင်းမြေကို ယခုညအချိန်တွင် ဖြတ်သန်းသွားသူများ ရှိပါက ဆံပင်စုတ်ဖွား၊ ကျောက်ပေါက်မာဗလပွ၊ နှုတ်ခမ်းမွေးအစွယ်ချနှင့် ပါးစပ်မှ မီးဝင်းဝင်းထွက်ကာ သင်္ချိုင်းမြေပုံကို ပေါက်ပြားဖြင့် ပေါက်ဆွနေသော သုဘရာဇာကြီးစံဖူး၏ ကြောက်စရာပုံသဏ္ဍာန်ကို မြင်ရလေမည် ဖြစ်ပေသတည်း။ ။

*****

# သေမင်းခေါ်တဲ့ ည

ရန်ကုန်အနောက်ပိုင်းတွင် ဖြစ်၏။

ဂေါ်ဒဝင်လမ်း(ခေါ်) လမ်းမတော်လမ်းရှိ ကြံ့တုားပျော်ပွဲစားရုံ အပေါ်ထပ် အထူးခန်းအတွင်းမှ ဝန်ထောက်မင်း ဦးကိုကိုအောင် ထွက်လာခဲ့၏။

ဤသည် ကို မြင်လိုက်ရသော ပျော်ပွဲစားရုံပိုင်ရှင် တရုတ်အတုားမှာ ဦးခေါင်းကို ကျိုးကျမတတ် ဆတ်ခနဲ ဦးညွှတ် လိုက်လေ၏။

ပြီးမှ ခေါင်းကိုအမြန်ထောင်ကာ ရွှေသွားဆယ်ချောင်းခန့်ပေါ်အောင် ပြုံး၍ ...

"ဆရာကီး... ဘာလိုလဲ၊ ဘာလိုလဲ"

"အာ ... မလိုပါဘူး လော်ပန်ကြီးရာ။ ကနေ့ နည်းနည်းပဲ သောက်ဖြစ်တယ်လေ။ ကိစ္စလေး ရှိနေလို့ "

ဝန်ထောက်မင်း ဦးကိုကိုအောင်က ပြုံး၍ ပြောလိုက်သည် ။

"အား ... ကောင်းတယ်၊ ကောင်းတယ်။ ကျန်းမာရေးပေ့ါ။ သောက်ထားတာကို ပိုက်ဆံမရှင်းနဲ့ နော်။ ဝရှင်းပ့ါမယ်"

ဟု လောကွတ်ပြု၏။

"ရပါတယ် လောပန်ကြီးရာ။ အခန်းထဲက ကျုပ်မိတ်ဆွေရှင်းမှာ ပါ

... သွားမယ်နော်"

ဝန်ထောက်မင်းဦးကိုကိုအောင်က ပြောပြောဆိုဆိုနှင့် ပင် လှေကားဆီသို့ ဆင်းလေရာ တရုတ်ကြီးအဗွားမှာ ဝန်ထောက်မင်းကိုပင် ကျောပိုး၍ ထမ်းပို့တော့မလို ကျို့ရို့ပျာယာခတ်လျက် နောက်မှ လိုက်လေ၏။

ရန်ကုန်အနောက်ပိုင်းသား စီးပွားရေးသမား တရုတ်များ အနေဖြင့် အစိုးရပိုင်းတွင် ဩဇာအာဏာရှိသည့် ဤလိုဝန်ထောက်မင်း တစ်ယောက်ကို ကျွေးမွေးခယမပြုက မဖြစ်ပေ။

အဘယ်ကြောင့် ဆိုသော် ထိုအချိန်က ရန်ကုန်အနောက်ပိုင်းသား စီးပွားရေးသမား အများ စုမှာ ကောင်းရောင်းကောင်းဝယ်လုပ်စား စီးပွားရှာသူတို့ နည်းပါးလှ၏။

အရက်ဆိုင်၊ ဘိန်းခန်း၊ ဖိမ်နန်း၊ လောင်းကစားဝိုင်း စသည် တို့ ဖြင့် စီးပွားရှာသူများ လေ၏။

သည် တော့လည်း အစိုးရအဖွဲ့အတွင်း ဩဇာအာဏာရှိသူကို ပေါင်းသင်းရ၏။

သတ်ရဲ၊ ရိုက်ရဲ၊ ရမ်းရဲသော လူမိုက်များကို မွေးရ၏။

ပုလိပ်များ လာဘ်လာဘ ပေးကာ ကျွေးရ၏။

ဤသည် က အနောက်ပိုင်းသားတို့ ၏ အလုပ်။

အထူးသဖြင့် ဝန်ထောက်မင်း ဦးကိုကိုအောင်မှာ အင်္ဂလိပ်အစိုးရ၏ ရုပ်သေးဖြစ်သော ဒေါက်တာဘမော်အဖွဲ့၌ ဩဇာကြီး၏။

အင်္ဂလိပ်, မျက်နှာဖြူအရာရှိဆိုးကြီးများ နှင့် လည်း ပလဲနံပသင့်၏။

ဓားမြှောင်ကိုင်၊ ပုဆိန်ကိုင်၊ ဝါးရင်းတုတ်ကိုင် လူမိုက်အပေါင်းနှင့်

လည်း ပနံရ၏။

သို့ကြောင့် ဝန်ထောက်မင်းဦးကိုကိုအောင်အား အနောက်ပိုင်းသားတို့ အလေးထား ဆက်ဆံကြရသည် ။

စင်စစ်တော့ ဦးကိုကိုအောင်မှာ ငယ်သေး၏။

အသက်ငါးဆယ်ပင် မပြည့်တတ်သေး။

ဝန်ထောက်မင်းဟူသော ဂုဏ်ကြောင့် သာ "ဦး"တပ်၍ ခေါ်ကြရပေသည် ။ လူက ငယ်သလို ရုပ်ရည်ကလည်း သန့်ပြန့်ချောမော၏။

ရုပ်ရည်ချောသလို အလုံးအထည် အရပ်အမောင်းကလည်း ကောင်း၏။ ထို့ပြင် ဝတ်ပုံစားပုံမှာ စတိုင်ကျသည် ။ သပ်ရပ်သည် ။

ထူးခြားချက်သည် ကား အပြောကောင်းခြင်းပင် ဖြစ်လေ၏။

မည်မျှ မာန်မာနကြီးသော မိန်းမဖြစ်ပါစေ ဝန်ထောက်မင်းဦးကိုကိုအောင်နှင့် စကားတစ်ကြိမ် လက်ခံပြောကြည့်ပါ။ အရည်ပျော်သွားသည်သာ ဖြစ်၏။

အထူးသဖြင့် မိန်းမလောကတွင် ကျော်ကြား၏။

မင်းပေါက်စိုးပေါက်၊ ဂုဏ်သရေရှိမိန်းမကြီး၊ မိန်းမကောင်း အသိုင်းအဝိုင်းတွင် ဝန်ထောက်မင်းဦးကိုကိုအောင်၏ ပုံရိပ်က ထင်ရှား၏။

သို့သော် ...

ဝန်ထောက်မင်းဦးကိုကိုအောင်ကား ထိုမိန်းမသားများကို ဝတ်ကျေတန်းကျေသာ ဆက်ဆံ၏။

မည်သည့် အခါမျှ မိန်းမများ နှင့် အရောတဝင်မနေ။

တည်တည်တံ့တံ့ရှိ၏။

သို့ကြောင့် မိန်းမ အသိုင်းအဝိုင်းက ပို၍ သည် သည်းလှုပ်၏။

အချို့က ခိုးကြောင်ခိုးဝှက် မိန်းမနောက်ပိုးလုပ်၏။

အချို့က ပြောင်ပင်ငမ်းငမ်းတက် ချဉ်းကပ်၏။

ဒါတွေကို ဝန်ထောက်မင်းဦးကိုကိုအောင် ရောက်လေရာ ပွဲတိုင်းတွင် ကြုံတွေ့ရသော မျက်နှာပွင့်ခြင်းဖြစ်ပေ၏။

အချို့ယောကျ်ားများ ဆိုလျှင် ဝန်ထောက်မင်းဦးကိုကိုအောင်ကို ကြိတ်၍ မနာလိုဖြစ်ကြသည် ။

အချို့ကမူ ငါနဲ့ များ လဲလိုက်ချင်ပါဘိဟု ကြိတ်မနိုင် ခဲမရ ဖြစ်ကြရလေ၏။

ခုလည်း ... ကြည့် ...

ကြုံဟုအပေါ်ထပ်မှ ကြုံဟုသူဌေးမင်း ပေါက်ဖော်ကြီး ကိုယ်တိုင် လိုက်ပို့ရသော အဖြူရောင် အနောက်တိုင်းဝတ်စုံဝတ် ဝန်ထောက်မင်းဦးကိုကိုအောင်ကို မြင်ရလေသည့် ပြဇာတ်မင်းသမီးရီရီမှာ ဟန်မဆောင်နိုင်အောင် ရှိနေ၏။

ရီရီသည် လျှော်တန်းဇာတ်ရုံတွင် တင်ဆက်ပြသသွားသည့် "သိပ်သိပ်ချစ်"ဟူသော ပြဇာတ်မှ ခေါင်းဆောင်မင်းသမီးဖြစ်ကာ ယောကျ်ားလောကတွင် အပျံစား၊ အနံ့စားလေးဟု နာမည်ကြီးသူ ဖြစ်လေ၏။

ထိုမင်းသမီးမှာ ဝန်ထောက်မင်းဦးကိုကိုအောင်ကို မြင်သည် နှင့် မိမိအဖော်များ နှင့် သောက်စားနေသော စားပွဲမှ ထကာ ...

"ဟယ်လို ... ကိုကိုအောင် တစ်ယောက်တည်းလား"

ဟု အလွန်ရင်းနှီးဟန်ဖြင့် နှုတ်ဆက်လေ၏။

ဦးကိုကိုအောင်က ပြုံး၍

"ဟုတ်ကဲ့ပါ"

ဟု နှုတ်ဆက်၍ ရှေ့သို့လျှောက်လေရာ ...

မင်းသမီးရီရီက လမ်းဖယ်မပေးဘဲ ...

"အို ... ဒါများကိုကိုအောင်ရယ်၊ အစောကြီးရှိသေးမင့်ဟာ ရီရီတို့ ဝိုင်းကို ကြွပါဦးလားလို့ "

ဟု ပြဇာတ်ထဲကအတိုင်း ပြီတီတီဆို၏။

ဤသည် ကို လှမ်းမြင်လိုက်ရသော တစ်ဘက်ဝိုင်းမှ ဆန်စက်ပိုင်ရှင်ကတော် မီမီလှိုင်က ဝိုင်းမှ ထလိုက်ကာ ...

"အို ... ရီရီကလည်း ကွယ်၊ ကိုအောင်က မင်းတို့ ဝိုင်းထဲ မထိုင်ချင်ဘူး နေမှာ ပေါ့။ လာ ... ကိုအောင် ... မီမီတို့ ဆီလာ"

ဟု ပြင်သစ်ဝိုင် အရက်မူးမူးနှင့် ဆိုတော့လေရာ ရီရီက ရန်စောင်အကြည့် ကြည့်တော့၏။

မီမီလှိုင်ကလည်း ပြန်ကြည့်၏။

ပြဇာတ်မင်းသမီးနှင့် ဆန်စက်ပိုင်ရှင်ကတော်တို့ တစ်ယောက်နှင့် တစ်ယောက် တိုက်ကြက်များ သို့ ရန်စောင်နေကြစဉ် ဝန်ထောက်မင်းဦးကိုကိုအောင်မှာ ခြေလှမ်းကြဲကြီးဖြင့် မပြေးရုံတမယ် ထွက်ခဲ့ရလေ၏။

ထို့နောက် လမ်းတစ်ဘက် အမှောင်ရိပ်ကျကျတွင် ရပ်ထားလေသော မိမိ၏ ဘဲလ်အဲယားကားနက်ကြီးရှိရာသို့ သွားကာ သော့ဖြင့် တံခါးဖွင့်၍ ကားမောင်းရမည့် နေရာသို့ ဝင်ထိုင် လိုက်လေ၏။

ဝန်ထောက်မင်း ဦးကိုကိုအောင်မှာ ဒရိုင်ဘာရှိ၏။

အစိုးရ အစည်းအဝေးများ ၊ ရုံးကိစ္စများ တွင် သာ သုံး၏။

ပါတီများ ၊ ညှိနှိုင်းခံပွဲများ ၊ ပျော်ပွဲစားများ တွင် မူ သူကိုယ်တိုင်ပင် ဤကားကိုစီး၏။ ကိုယ်တိုင်မောင်း၏။ ဤကားသည် ရုံးသုံးမဟုတ်လေသော သူ၏ ကိုယ်ပိုင်ကားဖြစ်လေ၏။

သည် လို ရန်ကုန်အနောက်ပိုင်း ဂေါ်ဒဝင် (လမ်းမတော်)လမ်း စားပွဲရုံ ကြုံ့ဟွားသို့ လာသည့် အခါ သူကိုယ်တိုင်မောင်း၏။ အမှောင်ရိပ်ကျကျ တွင် အမြဲရပ်၍ အသုံးပြု၏။

ဆိုရပါလျှင် ...

ဤကားသည် ဝန်ထောက်မင်း ဦးကိုကိုအောင်၏ ကားဟူ၍ မသိစေလိုသော သဘော ...

ဒါသည် ပင် ...

ဝန်ထောက်မင်း၏ အကျင့်လား၊ ဦးကိုကိုအောင်၏ အကျင့်လားဟု ဝန်ထောက်မင်း ဦးကိုကိုအောင် ကိုယ်တိုင်ပင်လျှင် ခွဲခြား၍ မရသည့် အထာဖြစ်နေလေပြီ။

ဘာပဲဖြစ်ဖြစ် ဝန်ထောက်မင်းဦးကိုကိုအောင်မှာ သိုသိပ်လွန်းသူ၊ အလွန်ပင် လျှို့ဝှက်တတ်လွန်းသူ ဖြစ်လေ၏။

သည် ... ကြုံ့ဟွားစားပွဲရုံသို့ လာရခြင်းမှာ ပင်လျှင် လျှို့ဝှက်သော ကိစ္စရှိ၏။ နိုင်ငံရေးမဟုတ်သည့် ကိုယ်ရေးကိုယ်တာ ကိစ္စရပ်အတွက် ဖြစ်လေ၏။

သူနှင့် မိတ်ဆွေစာရင်း မဝင်သေးသော တာမွေ၊ ကျောက်မြောင်းအပိုင်လူမိုက် ရွှေသွားဂျလားကို အနောက်ပိုင်းလူမိုက် ကျင်စိန်နှင့် အတူ ခေါ်တွေ့ခြင်းဖြစ်လေ၏။

ဂျလား ကုလားဒိန် လူမိုက်က တာမွေ၊ ကျောက်မြောင်း တစ်ဝိုက်ကို ပိုင်၏။ ကျောက်မြောင်း၊ မလွှကုန်းလမ်းမှာ သူလုပ်စရာ အလုပ်တစ်ခုရှိ၏။ သည် အလုပ်အတွက် သူလာခဲ့ခြင်းသာ ...

ခုတော့ ... သူစီရင်စရာတွေကို စီစဉ်ခဲ့ပြီးလေပြီ။

ခု ... လက်ငင်း သူ့တွင် လုပ်စရာ အလုပ်ရှိ၏။

ကျောက်မြောင်းက ... သည် ကောင်မလေးအား သူကိုယ်တိုင် သွားတွေ့၍ ဖျောင်းဖျရန် ...

အကယ်၍ ဖျောင်းဖျမရပါက ... လူမိုက် ဂျလားတို့ ၏ လက်တွင်းသို့ အပ်ရန်သာ ဖြစ်လေသည် ။

ဝန်ထောက်မင်း ဦးကိုကိုအောင်က သူ့အတွေးနှင့် သူ ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည် ။

ပြီးနောက် အပေါ်ဝတ်ကုတ်အင်္ကျီကို ချွတ်ပစ်၍ ဘေးခုံပေါ်သို့တင်ကာ ... ကားစက်နှိုး၍ မောင်းထွက်လာခဲ့တော့သည် ။

ကားကလေးက ညင်ညင်သာသာပင် လမ်းပေါ်တွင် ပြေး၏။

လမ်းဘေးတစ်ဘက် တစ်ချက်သို့ ကြည့်လျှင် နီယွန်ရောင်စုံ မီးဆလိုက်များ ဖြင့် တရုတ်ဟိုတယ်တွေ၊ စားပွဲရုံတွေ၊ ကပွဲခန်းမတွေ၊ သွားစိုက်ဆိုင်တွေ၊ တရုတ်ယူနန်ခေါက်ဆွဲဆိုင်တွေ၊ တရုတ်ပရဆေးကြော်ငြာ ဆိုင်းဘုတ်တွေကို တွေ့နေရ၏။

လမ်းမတော် တရုတ်တန်းမှာ ရန်ကုန်မြို့တွင် အလွန်စည်ကားသည့် အရပ် ဖြစ်လေ၏။

လမ်းမပေါ်တွင် တော့ ကားသိပ်မရှိ။

လမ်းဘေး ပလက်ဖောင်းများ တွင် အိပ်စားနေထိုင်ကြသော ဂေါ်ရင်ဂျီ ကူလီများ ထံမှ ဂန်ဂျာခေါ် ဆေးခြောက်ရနံ့နှင့် အတူ တာပလာဗုံတီးသံတွေက ပျံ့လွင့်နေ၏။

မှတ်ချက် ။ ။ (ထိုအချိန်က နယ်ချဲ့ဗြိတိသျှအစိုးရသည် အိန္ဒိယမှ လယ်မဲ့ယာမဲ့ ဂေါ်ရင်ဂျီ လူမျိုးပေါင်းများ စွာတို့ ကို မြန်မာနိုင်ငံတွင် အလုပ်လုပ်ရန် ခေါ်ယူတင်သွင်းခဲ့ပေသည် ။ အချို့က လယ်ယာလုပ်ကြ၏။ အချို့က မြေတူးမြေပေါက်ကြ၏။ အချို့က လမ်းဘေး ပလက်ဖောင်းတွင် အိပ်ရင်း ဆိပ်ကမ်းတွင် ကုန်တင်၊ ကုန်ချအလုပ် လုပ်ကြလေ၏။ သူတို့ က ပင်ပန်းနွမ်းနယ်ခြင်းကို ဖြေဖျောက်ရန် အချို့က အရက်ကို ဂေါ်ရင်ဂျီမော့ မော့၍ သောက်ကြသလို၊ အချို့က ဂန်ချာခေါ် ဆေးခြောက်ကို တမာဂူဖြင့် ထည့်၍ လည်းကောင်း၊ အချို့က "ကျလင်" ခေါ် မြေအိုးကတော့ ပုံဖြင့် ရှူရှိုက်ကြလေ၏။ အချို့က "ပွတ်ချွန်း"ခေါ် ဆေးလိပ်တွင် ထည့်၍ ရှူ၏။ ထိုအချိန်က ဆေးခြောက်မှာ မူးယစ်ဆေးဝါး စာရင်းမဝင်ခဲ့ပေ။ လွတ်လပ်ရေး ရပြီးနောက် ၁၉၆၄-ခုနှစ် တော်လှန်ရေးကောင်စီခေတ်အထိ ဆေးခြောက်ကို ကွမ်းယာဆိုင်တိုင်းတွင် တစ်မတ်ဖိုး၊ ငါးမူးဖိုး၊ တစ်ကျပ်ဖိုး ဝယ်၍ ရကြောင်း ဗဟု သုတအဖြစ်ဖော်ပြပါ၏။ စာရေးသူ။)

ဝန်ထောက်မင်း ဦးကိုကိုအောင်သည် ကားကို တရုတ်တန်း လမ်းမတော်အတိုင်း မောင်းလာရင်း လမ်းဘေးတစ်ဘက်တစ်ချက်ကို ငေးမောပြီးနောက် လတ္တာလမ်း (ယခုလသာ)သို့ ကားကို ကွေ့ချလိုက်၏။

ဝန်ထောက်မင်း၏ လမ်းကြောင်းက လတ္တာလမ်းမှ သည် ဖရေဇာလမ်း တစ်လျှောက်မောင်းမည်။

ပြီးမှ ဂျူဒါအီစီကယ်လမ်း(သိမ်ဖြူ)သို့ ဝင်မည် ဖြစ်လေ၏။

မှတ်ချက်။ ။ (ဂျူဒါအီစီကယ်လမ်းမှာ ရှေးမြန်မာတို့ ခေတ်က "အရှေ့လမ်း"ဟု အမည်ရ၏။ ၁၈၇၇-ခုနှစ်တွင် မြို့ရွာစည်ပင်ရေးအတွက် ငွေကြေးလှူခဲ့သော ဂျူးလူမျိုးတစ်ဦး၏ အမည်ကိုဂုဏ်ပြု၍ ဂျူဒါအီကယ်လမ်းဟု ခေါ်၏။ ကန္တားလမ်းမှ မောင်ဂိုမာရီလမ်း(ဗိုလ်ချုပ်)အထိ ဂျူဒါအီစီကယ်လမ်းဟု ခေါ်ပြီး၊ မောင်ဂိုမာရီလမ်း(ယခုဗိုလ်ချုပ်အောင်ဆန်းလမ်း)ကို ဖြတ်ကျော်ပြီး မီးရထားဂုံးကိုဖြတ်၍ ကန်တော်ကလေး လူအိုရုံ လမ်းထိပ်အထိ "စတော့ကိတ်လမ်း"ဟု ခေါ်၏။ စတော့ကိတ်ဟု ခေါ်ရခြင်းမှာ ထိုစဉ်က သိမ်ဖြူကျောင်းတိုက်ကုန်းပေါ်တွင် အင်္ဂလိပ်စာ စစ်တပ်စွဲရာ တပ်မြေဖြစ်၍ စတော့ကိတ်ဟု ခေါ်၏။ ယခုမူ သိမ်ဖြူကျောင်းတိုက်အား အစွဲပြု၍ ကမ်းနားလမ်းမှ လူအိုရုံလမ်းအထိ သိမ်ဖြူလမ်းဟု ခေါ်လေ၏။ နှစ်လမ်းပေါင်း အမည် ဖြစ်၏။ ၎င်းလမ်းမပေါ်ရှိ "ဘီလူးမ"ဈေးကိုလည်း သိမ်ဖြူဈေးဟု ခေါ်ဆိုပါကြောင်း ဗဟုသုတအဖြစ် ဖော်ပြပါ၏။ စာရေးသူ။)

ဝန်ထောက်မင်း ဦးကိုကိုအောင်က သူ့စိတ်နှင့် သူ့ကားကို ဖြည်းညင်းစွာ မောင်းနေ၏။

ကားလမ်းကရှင်းနေသဖြင့် စက်ရှိန်မြှင့်ကာ မောင်းလျှင်ရသော်လည်း ကားကို ညင်သာစွာ မောင်းတတ်ခြင်းမှာ လည်း ဝန်ထောက်မင်းဦးကိုကိုအောင်၏ အကျင့်ဖြစ်လေသည် ။

ကားမောင်းနေရင်းနှင့် ပင် စောစောက ကြုံရာတွင် သောက်ထားလေသော ဝီစကီအရှိန်ကလေးက ဖြည်းဖြည်းရိပ်ရိပ်တက် လာလေ၏။

ထိုသောအခါ ဝန်ထောက်မင်းဦးကိုကိုအောင် သတိရလာသူက "ဝင်းဝင်းသီ"ဆိုသော ကောင်မလေးကိုသာ ဖြစ်လေ၏။

ကောင်မလေးကို သူတစ်ခါပဲ တွေ့ဖူး၏။

ထိုတစ်ခါနှင့် ပင် စွဲလမ်းနှစ်ခြိုက်သွားခဲ့သည် ။

ကောင်မလေးက သဃ်န်းကျွန်းဘက်ရှိ လေးထောင့်ကန်သူကလေးဖြစ်လေ၏။

သဃ်န်းကျွန်းမြို့နယ် ရွှေးကောက်ခံ မြူနီစပယ်လူကြီး ဦးမြို့၏ အလှူပွဲသို့ ဝန်ထောက်မင်းဦးကိုကိုအောင် သွားရာမှ တွေ့ခဲ့ရသူကလေး ဖြစ်၏။

မိဘများက ပန်းဥယျာဉ်စိုက်ပျိုးသည် ။ တစ်ဦးတည်းသော သမီးဖြစ်ပြီး၊ ဟိုက်စကူးစ်ဖိုင်နယ် တက်ရင်းဖြင့် သဃ်န်းကျွန်း ဒေါ်လာကွန်ဗင့် ( ယခု အ.ထ.က (၃) သဃ်န်းကျွန်း) ကျောင်းတွင် အချိန်ပိုင်း ကျောင်းစာရေး လုပ်နေသူ ဖြစ်၏။

မှတ်ချက် ။ ။ (ထိုအချိန်က သဃ်န်းကျွန်းမြို့တွင် ခရစ်ယာန်မစ်ရှင်မှ ဖွင့်သည့် ကျောင်းနှစ်ကျောင်းရှိ၏။ ဦးဘဟန်လမ်းမှ "ဒန်းဘော်စကို" ယခု အ.ထ.က(၂)နှင့် "ဒေါ်လာကွန်ဗင့်" ယခု အ.ထ.က (၃) သဃ်န်းကျွန်းဖြစ်လေ၏။ စာရေးသူ။

ထိုကောင်မလေးမှာ သဘောကောင်း၊ မနောဖြူ၊ အူစင်းလေးဖြစ်ပြီး အဖိုဟူ၍ ယင်ဖိုပင်လျှင် မသန်းသေးကြောင်း သိလိုက်ရသော ဝန်ထောက်မင်းဦးကိုကိုအောင်၏ စိတ်တွင် သဘောတွေ့ မနောခွေ့သွားလေ၏။

သို့ဖြင့် နောက်တစ်ကြိမ် တွေ့ဆုံရင်းနှီးကျွမ်းဝင်ရန် ကြိုးပမ်းလိုစိတ်ပြင်းထန်နေတော့သည် ။

သို့သော် အလျင်စလိုတော့ လုပ်၍ မဖြစ်။

ဝန်ထောက်မင်းဦးကိုကိုအောင်မှာ က ယခုလက်ရှိ ကျောက်မြောင်း၊ မလွကုန်းလမ်းမှာ "သင်းသင်း"ရှိနေပြန်၏။

သင်းသင်းကို သူလက်ဝယ်ပိုင်ပိုင်ရရှိသည် မှာ မကြာသေး အများဆုံးရှိလှမှ သုံးလ ..

သုံးလဆိုသည် မှာ မကြာသေးသော်လည်း ဝန်ထောက်မင်း ဦးကိုကိုအောင်အဖို့ တော့ ရိုးအီ၍ နေပါလေပြီ။

အချို့ဆိုလျှင် နှစ်ပတ်နှင့် ဖြတ်ခဲ့၏။

အချို့က တစ်လ။

အချို့က နှစ်လ၊ ဖြတ်ခဲ့ပေါင်းတို့ လည်း များ လှပြီ။ မှတ်ပင် မမှတ်မိချင်တော့ ...

ဝန်ထောက်မင်း ဦးကိုကိုအောင်က မိန်းမပျိုကလေးတို့ ကို ပန်းလိုပင် တင်စား၏။ မွှေးလျှင်ပန်၍ မနံ့ခင်ပစ်လိုက်သည် ။

ခုလည်း ဝန်ထောက်မင်းဦးကိုကိုအောင်၏ ထုံးစံအတိုင်း သင်းသင်းအား သည် ည နောက်ဆုံးထား၍ ဖြတ်မည်။

ပြီးတော့မှ သဃ်န်းကျွန်းမြို့၊ လေးထောင့်ကန်ရွာသူကလေး "ဝင်းဝင်းသီ" ...။

ဝင်းဝင်းသီလေး၏ နူးညံ့သန့်စင်လှသော အလှကို တမ်းတ၍ ကားလီဗာကို ဖြည်းဖြည်းဖွဖွ နင်းလိုက်မိ၏။

ကားက ဖရေဇာလမ်းမှာ ပြေးနေဆဲ ...

ဝ န် ထေ ာင် မ င်းဦ းကို ကိုအေ ာင် မ ှ ာ အရှိန်ဖြင့်ပြေးနေသည့် ကားပေါ်မှာ "ဟစ် ... ဟစ် ... ဟူရေး"ဟူသော လူနီရိုင်းတို့ ၏ ဩဘာသံအား လေချွန်လိုက်မိစဉ် ...

ကား၏ နောက်ခန်းမှ ငြိမ့်ငြိမ့်လေး လှုပ်ရှားသံနှင့် အတူ သူ့လည်မျို

ဆီသို့ အေးစက်စက် ရှတတ အရာတစ်ခုလာရောက် ဖိကပ်ခြင်းကို ခံလိုက်ရလေ၏။

သူ့ရင်မှ ထိတ်ခနဲ ဖြစ်သွား၏။

စိတ်လှုပ်ရှားစွာဖြင့် ကားဘရိတ်ကို ဖိနင်း ရပ်ပစ်လိုက်၏။ ကားမှာ အရှိန်ပြေးခြင်းကို ရုတ်တရက် ရပ်လိုက်သဖြင့် တကျွီကျွီမြည်၍ ထိုးရပ်သွား၏။

လက်ဖြင့်လည်း လည်မျိုကို ထိလာသော အရာကို စမ်းမိ၏။

လည်မျိုပေါ်မှ အရာက ထက်မြက်လှသည့် သင်တုန်းဓား ...

ပတ်ဝန်းကျင်ကို သူကြည့်၏။

ဖရေဇာလမ်းမပေါ်တွင် ရှိသည် ။

ထိုနေရာက လူနေအိမ် သိပ်မရှိ။ ရုံးတွေသာ ရှိလေ၏။

ကား၏ ဦးတည်ရာ ဘယ်ဘက်ခြမ်းတွင် အိုင်အီးအက်စ်ကဒါခါမစ်ရှင်ရုံးချုပ်ရှိ၏။

ညာဘက်ကပ်လျက်သားက တမီးစ်ဗုဒ္ဓဘာသာအသင်းရုံး။ လူအလွန်ပြတ်သည့် နေရာ ဖြစ်လေသဖြင့် ဝန်ထောက်မင်း ဦးကိုကိုအောင်မှာ ကျောရိုးတွင်းမှ စိမ့်ခနဲ ခံစားလိုက်ရပေသည် ။

သူ့ဘဝတွင် တစ်ခါဖူးမျှ သည် လို အတွေ့မရှိခဲ့ ...။

"ငြိမ်ငြိမ်လေးနေပါ ဝန်ထောက်မင်း။ ဂျာမနီနိုင်ငံလုပ် Gillette သင်တုန်းဓားဟာ နည်းနည်းလေး လှုပ်လိုက်တာနဲ့ မြုပ်သွားနိုင်ပါတယ်။ ဝန်ထောက်မင်းရဲ့ လည်မျိုဟာ သံမဏိမဟုတ်ရင်ပေါ့"

ကားနောက်ခန်းမှ ထွက်ပေါ်လာသည့် ညြညြရှရှ စကားသံ ဖြစ်၏။

အေးတိအေးစက် နိုင်လှပေ၏။

အသံလုံးကြီးလေသော မိန်းမတစ်ယောက်၏ အသံ။

ဝန်ထောက်မင်း ဦးကိုကိုအောင်သည် ကား၏ စီယာတိုင်ကို လက်နှစ်ဘက်တင်းတင်း ဆုပ်ထားရင်း ကားရှေ့ကြည့်မှန်ဖြင့် နောက်ခန်းသို့ မသိမသာ လှမ်းကြည့်၏။

မှုန်မှုန်ဝါးဝါး ကျရောက်နေသည့် လမ်းမီးတိုင် အလင်းဖြင့်မြင်လိုက်ရ၏။

အနီရောင်ဝတ် မိန်းမငယ်တစ်ယောက်၊ ဆံပင်ဖျားလျားချထားသည်ပဲ …

သည် မိန်းမဘာလဲ၊ ဘယ်သူလဲ၊ ဘာလုပ်မလို့ လဲဟု တွေးကာနေ၏။

ရင်မှာ တော့ ထိတ်ထိတ်ရှိလေ၏။

လည်မျိုမှာ လည်း ဆားတင်ထားသဖြင့် အစ်တစ်တစ် ဖြစ်၏။

"မင်းဘယ်သူလဲ၊ ဘာကိစ္စနဲ့ ငါ့ကားပေါ်တက်ပုန်းပြီး ငါ့ကိုနှောင့်ယှက်နေတာလဲ"

ဝန်ထောက်မင်း ဦးကိုကိုအောင်မှာ လှုပ်ရှားစိတ်ကို ထိန်း၍ မေး၏။ သို့သော် သူ့အသံက တုန်ယင်နေ၏။

လှုပ်ရှားသောစိတ်၊ တုန်ယင်သော အသံနှင့် ပင် ကား၏ ဒက်ရှ်ဘုတ်ဆီသို့ မျက်လုံးကစားမိ၏။

ဒက်ရှ်ဘုတ်ထဲတွင် ကျည်အပြည့်နှင့် သူ၏ ဝက်ဘလီ အမျိုးအစား ခြောက်လုံးပြူး သေနတ်ရှိနေလေသည် ။

"ဟိတ် ... ပြောလေ၊ မင်းဘယ်သူလဲ၊ ဘာလဲ"

"မေးခွန်းတွေ မမေးပါနဲ့ ဝန်ထောက်မင်းရှင့်။ ဒီက ပြောတာကိုပဲ ငြိမ်ငြိမ်လေး နားထောင်ပေးပါလား ..."

"အဲ ... နေဦးရှင် ... ကား ... ကားရဲ့ သော့ပေး"

ဩရှရှအသံရှင်က ပြောရင်းဓားကို လည်မျိုဆီသို့ တိုးဖိ လိုက်လေ၏ ။ ဝန်ထောက်မင်းဦးကိုကိုအောင်မှာ အလန့်တကြားဖြင့် ...

"မလုပ်နဲ့ ... မလုပ်နဲ့ ... မင်းဘာလိုချင်လို့ လဲ ... ဟေ့ ... ငါဘာလဲဆိုတာ သိလား။ မင်းဒုက္ခကောင်းကောင်း ရောက်သွားမယ်နော်"

ဟု ဩဇာအာဏာသုံး၍ ခြိမ်းခြောက်လိုက်၏။

ထိုအခါ နောက်ခန်းရှိ ကောင်မလေးက အသံလွင်လွင်ဖြင့် ရယ်မောရင်း ...

"စကားမပြောနဲ့ ... ပေး ... သော့"

ပြောရင်းဖြင့် ဓားသွားမြမြက အသားမှာ လာငြိ၏။ သင်တုန်းဓားသွားကြောင့် ရဲရဲလေးပင် မလှုပ်ရဲသော အခြေအနေမို့ ဝန်ထောက်မင်းဦးကိုကိုအောင်မှာ ကားသော့ကို ဖြုတ်၍ နောက်သို့ ပေးလိုက်ရသည် ။

ပေးရင်းဖြင့် ကားဒက်ရှ်ဘုတ်ဆီသို့ အကြည့်က ရောက်နေဆဲ။

မိန်းမတော်တော်များများ သူ့အောက်မှာ ရှိ၏။ သည် ... မိန်းမသားတစ်ယောက်ကိုမှ မနိုင်လျှင်၊ မခုခံနိုင်လျှင် ဝန်ထောက်မင်းဘဝ၊ သိက္ခာကျစရာဖြစ်မည်။

"ထွေလီကာလီတွေ ... သိပ်မတွေးပါနဲ့ ဝန်ထောက်မင်း ဦးကိုကို

အောင်၊ ငြိမ်ငြိမ်လေးသာနေပါ။ ရှင့်အားကိုး အားထားပြုနေတဲ့ ကားဒက်ရှ်ဘုတ်ထဲက ကျည်ဆန်အပြည့်နဲ့ သေနတ်က ကျွန်မဆီမှာ ပါ။ အင်း ... ခုပဲ ... ပထမဦးဆုံး ကျည်ဆန်ကို ပြောင်းရင်းပို့ပြီးလို့ ခလုတ်ဖြုတ်မယ့် ထရစ်ကာဆီမှာ ကျွန်မရဲ့ ညာလက်ညှိုး ရှိပါတယ်။ ကျွန်မက ဘယ်သန်ဆိုတော့ သင်ခုန်းစားကတော့ လည်မျိုမှာ ပေါ့"

"ကိုင်း ... ဝန်ထောင်မင်း ဦးကိုကိုအောင်၊ ရှင် ... နားထောင်ပါတော့ ... ဘာစကားမှ ဖြတ်မပြောနဲ့ ။ ကျွန်မပြောတာ မဟုတ်ရင် ငြင်းဆန်ခုခံခွင့် ရှိပါတယ်။ ကဲ ... စပြီနော်၊ ငြိမ်ငြိမ်နေ ... မလှုပ်နဲ့ "

"မလှုပ်နဲ့ ... လှုပ်ရင် ... စားမြုပ်သွားမယ်"

နောက်ခန်းမှ အသံသြရှရှက ပြောလေ၏။

သူငြိမ်နေရင်း ချွေးစီးတို့ ပြန်လာ၏။

ချွေးစီးတို့ ကြားမှ ပင် မလှုပ်ရဲဘဲ သြရှရှအသံရှင်၏ စကားကို နားထောင်ရလေသည် ။

"ရှင့်နာမည် ဦးကိုကိုအောင်။ ပခုက္ကူမြို့ အရှေ့ဘက်မြစ်ကမ်းက ကျွဲတဲရွာသား။ ကျွဲတဲဘုန်းကြီးကျောင်းမှာ စာသင် ...။ စာသိပ်တော်တဲ့ အတွက် ကျွဲတဲဘုန်းကြီးဦးပညာဝရက မန္တလေးမြို့ကိုပို့။ ဘုန်းတော်ကြီးရဲ့ ညီမဝမ်းကွဲ ပခုက္ကူမြို့က ဆေးရွက်ကြီးပွဲရုံပိုင်ရှင် သူဌေးမလေး မခင်မိမိက ပညာရေးစရိတ်ကို တာဝန်ယူ ...

ရန်ကုန်ရောက်၊ ကောလိပ်ဆက်တက်၊ ဒီဂရီရ ... အခြားကောလိပ်ကျောင်းသားတွေ နယ်ချဲ့တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး သပိတ်မှောက်နေတဲ့ အချိန်မှာ ရှင်က ... နယ်ချဲ့မျက်နှာဖြူ မစ္စတာဝက်စတာရဲ့ (၁၉)ဦးပါ သပိတ်ဆန့်ကျင်ရေးပါတီကိုဝင်။ ဒေါက်တာဘမော် ရ

ပ်သေးကောင်ကြီးနဲ့ ပေါင်း ဝန်ထောက်ဖြစ် …။

နောက် … ဆေးရွက်ကြီးပွဲရုံပိုင်ရှင် မခင်မိမိနဲ့ လက်ထပ်။ အင်း… လက်ထပ်တယ်ဆိုတာကလည်း မခင်မိမိက ရှင့်ကိုချစ်လွန်းလို့ ပေ့ါ။ ရှင်ကတော့ မခင်မိမိအပေါ် မေတ္တာမရှိဘူး။

မခင်မိမိဟာ ရှင့်ထက် အသက်ဆယ်နှစ်လောက်ကြီးတဲ့ အပြင် ရုပ်ရည်ကလည်း အညာသူပီပီ မပြင်တတ်၊ မဆင်တတ်လေတော့။ ညို့ညို့စင်းစင်းကြီးလေ။

ဒါပေမဲ့ ရှင်က … လူလည်ဆိုတော့ ကျေးဇူးရှင် ဘုန်းကြီးဦးပညာဝရရဲ့ စကားကိုနားထောင်တဲ့ လူလိမ္မာလေးလိုလို၊ ကျောင်းထားပေးတဲ့ မခင်မိမိရဲ့ ကျေးဇူးကိုဆပ် သလိုလိုနဲ့ လက်ထပ်ခဲ့တာ မဟုတ်လား …။

မခင်မိမိကို လက်ထပ်ပြီး မခင်မိမိပိုင်ဆိုင်တဲ့ ရွှေပုံ၊ ငွေပုံပေါ်မှာ စံလိုက်ရတဲ့ ရှင် … ဇာတိပြတော့တာပဲလေ …။

အပျော့နည်းနဲ့ တစ်မျိုး၊ အကြမ်းနည်းနဲ့ တစ်ဖုံ၊ နှိပ်စက်ကလူပြုလေတဲ့ ရှင့်ရဲ့ ဒဏ်ကြောင့် မခင်မိမိခမျာ နေ့စဉ်မျက်ရည်နဲ့ မျက်ခွက်ဖြစ်ခဲ့ရတယ်။

ရှင်ကတော့ မခင်မိမိရဲ့ မျက်ရည်နဲ့ ခြေဆေးပြီး အမိုက်ဇာတ်တွေ တစ်ခုပြီးတစ်ခု ခင်းခဲ့တယ် မဟုတ်လား …။

ရှင်မှတ်မိမှာ ပါ။ အင်းလေ … ပြုသူအသစ်၊ ဖြစ်သူအဟောင်းဆိုပြီး ပြုခဲ့သူ ရှင်ကတော့ မှတ်မိချင်မှ မှတ်မိမှာ ပေ့ါ …။

ဇဝေဇဝါဖြစ်နေတာလား။ သေချာအောင် ကျွန်မပြောပြမယ်။ ရှင်ဟာ … ရှင်ပိုင်ဆိုင်ထားတဲ့ ရုပ်ရည်၊ ပညာ၊ ငွေကြေး၊ အာဏာတွေကို သုံးပြီးတော့ မြန်မာအမျိုးကောင်းသမီး အပျိုစင်တွေကို တစ်ယောက်ပြီး

တစ်ယောက် အပျိုရည်ဖျက်၊ ဘဝပျက်ခဲ့ကြရတာဟာ ...

တစ် ... ဟေမာအုန်း ... မန္တလေးသူလေးပေါ့ ...

နှစ် ... မိတ္ထီလာက မြချိုရီ ...

သုံး ... သီပေါမြို့သူ နန်းခင်ခင် ...၊

လေး ... စိန်ဖလော်မီနာက ကျောင်းသူလေး ... ရင်ရင်လှ၊

ငါး ... ကြည့်မြင်တိုင်က ကွမ်းရွဲတန်းဈေးသူ ... ချိုချိုမာ။

ခြောက် ... မော်ဘီသူ ထွေးထွေး ...။

ခုနစ် ... အင်းစိန်ဘူတာစာရေးမ မမြမြ ...။

ရှစ် ... သင်းသင်း ... မလွှကုန်း ကျောက်မြောင်းသူ ...။

အို ... မလှုပ်နဲ့ လေ။ သိပ်မလှုပ်နဲ့ ။ Gillette ဆိုတဲ့ ဂျာမန်လုပ် သင်တုန်းဓားမျိုးက အသွားသိပ်မြတယ်နော်။ ဓားက အလုပ်မဖြစ်ရင်လည်း သေနတ်က ရှင့် ... နှလုံးသား နောက်ကျောမှာ အဟင်း ... ဟင်း ... ဟင်း"

"မင်း ... မင်း ... ဘာတွေ လာပြောနေတာလဲ"

ရယ်သံစွက်၍ ပြောနေသော သူမ၏ စကားကြောင့် သူ အထိတ်တလန့် အော်လိုက်မိ၏။

သူ့အော်သံက ကားလမ်းမနှင့် အဆောက်အဦတို့ ကြား လွင့်ပါးပျောက်ကွယ်သွားသည် ။ သည် မိန်းကလေးကမူ လုံးလုံးမမှုသည့် အလားသူ့လည်တိုင်သား ဓားတင်ထားပေ၏။

ထိုမိန်းကလေးက ဘယ်သူလဲ၊ ဘာလဲ ... သူ့အကြောင်းတွေကို အကုန်လိုလိုသိနေ၏။

သူ့ကို ဘာလုပ်မလို့ လဲ၊ ငွေညှစ်မလို့ လား၊ ပြန်ပေးဆွဲမလို့ လား။ ဘယ်လိုလဲဟု တွေးရင်း ဝန်ထောက်မင်း ဦးကိုကိုအောင် တစ်ကိုယ်လုံး ချွေးတို့ ပြန်လာ၏။ ပြန်လာသည့် ချွေးကဇောချွေး ...။

ရုပ်ရည်ကို ဗန်းပြ၊ ပညာကိုအသုံးချ၊ ငွေကြေးနဲ့ မြှူဆွယ်၊ ပစ္စည်းနဲ့ မက်လုံးပေး၊ အာဏာနဲ့ ခြိမ်းခြောက်ခဲ့တာ ရှစ်ယောက်တောင် မြောက်ခဲ့ပြီ ဦးကိုကိုအောင် ...

"အဲ ... မခင်မိမိနဲ့ ဆိုရင် ကိုးယောက်မြောက်ပေါ့ ...။ ဟုတ်တယ်နော် ... ရှင့်ကြောင့် သီပေါက နန်းခင်ခင် အဆိပ်သောက်သေသွားခဲ့ရပြီ ။ မိတ္ထီလာက မြချိုရီ ကြိုးဆွဲချ အဆုံးစီရင်သွားပြီ။ ရင်ရင်လှဆိုတဲ့ ကလေးမလေးနဲ့ မမြမြတို့ ဟာ ပေါက်တဲ့ နဖူး မထူးတော့ဘူးဆိုပြီး အရက်ပျက်၊ ဓာတ်ပျက်ဘဝနဲ့ စခန်းသွားနေကြပြီ။ ရှင့်ကျေးဇူးရှင် မခင်မိမိ ဟာလည်း လင်တရူးဘဝနဲ့ အိပ်ရာမှာ ပက်လက်ဖြစ်နေပြီ ...။ ဒီတော့ ..."

ညြှရှရ အသံပိုင်ရှင် မိန်းကလေးစကားကို ရပ်လိုက်၏။ လမ်းရှေ့တူရှူမှ မောင်းလာသော ကားတစ်စီး၏ မီးရောင်ကို လှမ်းမြင်လိုက်ရသည်။

ဝန်ထောက်မင်း ဦးကိုကိုအောင်မှာ ကားမီးရောင်ကို လှမ်းမြင်လိုက်ရသဖြင့် အားတက်သွားမိလေသည် ။

မီးထိုးမောင်းလာသော ကားမှာ ပုလိပ်ဘက်က ကားတစ်စီးဖြစ်လေလျှင် ကောင်းပေမည်။

သူကားကို အားတက်သရော စူးစိုက်ကြည့်နေမိ၏။ သို့သော် ကားက အော်စတင်ကားလေးဖြစ်ပြီး၊ သူတို့ ကားကို ဂရုပင်မထားဘဲ သူ့လမ်းကို

သူ မောင်းသွားလေသည် ။

"ဒီတော့ ... ဝန်ထောက်မင်း ... စဉ်းစားကြည့်ပါ"

ဩရှရှ အသံပိုင်ရှင်၏ စကားက အေးစက်စွာ ထွက်လာ၏။

"ဝန်ထောက်မင်းဟာ တရားသူကြီးဆိုရင် ဒီလိုယောက်ျားမျိုးရဲ့ အမှုကို ဘယ်လိုတရားမျိုး စီရင်သင့်သလဲ။ ဒါမှ မဟုတ် ဒီလိုအဖြစ်မျိုး ခံစားနေရသူတွေဟာ ဝန်ထောက်မင်းရဲ့ နှမ ရင်းချာလေးတွေဆိုရင် ဘယ်လိုလုပ်လေမလဲ ...

"ကျွန်မကတော့ ... တရားသူကြီးလည်း မဟုတ်ပါဘူး။ အဲဒီအမျိုးကောင်းသမီးတွေနဲ့ ဆွေမျိုးလည်း မတော်စပ်ပါဘူး။ ကျွန်မ မိန်းမသားပါ။ ကျွန်မတို့ ရဲ့ အမျိုးကောင်း မိန်းမသားတွေ ဘက်ကနေ စဉ်းစားပြီး သင့်တင့်မျှတစွာ စီရင်ရမယ် ဆိုရင်တော့ ..."

"ဟောဒါ ... နန်းခင်ခင်အတွက် ...

"ဟောဒါ ... မြရီချိုအတွက် ...

"ဟောဒါက ရင်ရင်လှ၊ မမြမြအတွက် ... ဟောဒါက ..."

မချိမဆံ့ စူးစူးနစ်နစ်အသံနှင့် ရှန်းကန်သံအချို့ကို တဒင်္ဂအားဖြင့် ဆူ၍ သွား၏။

နောက်တော့ အားလုံး အသံတိတ်သွားသည် ။ ပုံမှန်အတိုင်းပင် ဖြစ်သွား၏။

ဘဲလ်အဲယားကား၏ နောက်ခန်းတံခါးပွင့်သွားသည် ။

ကားအတွင်းမှ ဆံပင်ဖားလျားချ၍ အနီရင့်ရော် ထက်အောက်ဆင်တူ ဝတ်ထားသော အမျိုးသမီးငယ်တစ်ဦး အေးဆေးစွာ ဆင်းလာကာ၊

ပရင့်ဆက်စ်အမည်ရ အနီရောင် ဆလင်းဘက်ခ်အိတ်ကို ပခုံးတွင် လွယ်လိုက်သည် ။

ထို့နောက် စည်းချက်မှန် ခြေလှမ်းကလေးများ ဖြင့် ခွာမြင့်ဒေါက်ဖိနပ်သံ တခွပ်ခွပ်ပေးလျက် ဖရေဇာ လမ်းမကြီးအတိုင်း လျှောက်နေရင်း လမ်းချိုးတစ်ခုသို့ ဝင်ရောက် ပျောက်ကွယ်သွားပေတော့သည် ။

နောက်တစ်နာရီခန့် အကြာ ဘိုင်စကယ်စီး ပတ္တရောင်ပုလိပ်များ ထိုနေရာသို့ ရောက်လာကြ၏။ ရပ်ထားသော ကားအတွင်းသို့ မီးထိုး၍ ကြည့်ရာ အဖြူရောင် အနောက်တိုင်းဝတ်စုံတွင် သွေးစိမ်းနီနီတို့ ရွှဲနစ်လျက် လည်ပြတ်မတတ်ဖြင့် သေဆုံးနေသည့် ဝန်ထောက်မင်းဦးကိုကိုအောင်၏ အလောင်းအား ထိတ်လန့်ဖွယ် တွေ့လိုက်ရပေတော့သည် ။

*****